ရခိုင် ပြည် လွတ်မြောက်ရေးပါတီ (ALP)၏ ဒုတိယ ဥက္ကဌ ခိုင်စိုးနိုင်အောင် နှင့် တွေ့ဆုံမေးမြန်းခြင်း

By Maung Hlaing (lamu) / (The Voice of Arakan) Vol-1,No-5/ February 5, 2014

**Q : ALP အနေဖြင့် အစိုးရနှင့် အပစ်အခတ်ရပ်စဲရေး၊ ငြိမ်းချမ်းရေး ဆွေးနွေးမှုတွေဟာ ပြည်နယ်အဆင့် ပြီးသွားပြီ။ ပြည်ထောင်စု အဆင့် မရောက်သေးဘူးလို့ကြားသိရပါတယ်။ဒါနဲ့ ပတ်သက်ပြီးအခြေအနေတွေ ကို သိလိုပါတယ်။**

A : ကျနော်တို့ ရခိုင်ပြည်လွတ်မြောက်ရေး ပါတီ(ALP) အနေနဲ့က အစိုးရနဲ့ ပြည်နယ် အဆင့်အပစ်ခတ်ရပ်စဲရေး ပဏာမ သဘောတူညီချက်ကို (၂၀၁၂)ခုနစ်၊ ဧပြီ ၅ ရက်နေ့ မှာ လက်မှတ်ထိုးပြီး ဖြစ်ပါတယ်။ အဲ့ဒီနောက်ပိုင်း ပြည်ထောင်စုဆွေးနွေးပွဲ အတွက်(၂၀၁၂) ခု ဇွန်လ မှာတစ်ကြိမ်၊ ၂၀၁၂ ခု နိုဝင်ဘာလမှာ တစ်ကြိမ်၊ ၂၀၁၃ ခု ဖေဖော်ဝါရီလမှာတစ်ကြိမ်၊ ၂၀၁၃ခုနှစ် စက်တင်ဘာလမှာ တစ်ကြိမ်၊ စုစုပေါင်း ၄ကြိမ်တိတိ ဆွေးနွေးခဲ့ပါတယ်။ ဒါပေမယ့် ပြည်ထောင်စု ဝန်ကြီး ဦးအောင်မင်း က ကုလား-ရခိုင်ပဋိပက္ခမှာ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP) အနေနဲ့ နောက်ကွယ်က ပါဝင်ပတ်သက်နေတယ်လို့ အမြင်ရှိကြောင်း၊ အဲ့ဒါကြောင့် ရခိုင်ပြည်တည်ငြိမ်အေးချမ်းမှုရှိတဲ့ အထိစောင့်ဆိုင်းပါ ဟုသာ အဖြေပေးခဲ့ပါတယ်။ ၄ ကြိမ်မြောက် စက်တင်ဘာ ၉ ရက်နေ့ တွေ့တဲ့အခါ ပြည်ထောင်စု ဝန်ကြီးဦးအောင်မင်း က ပြည်ထောင်စု အဆင့်ဆင့်ဆွေးနွေးမယ်ဆိုရင် (ALP) အနေနဲ့ နယ်မြေမတောင်းပါနဲ့၊ ဆက်ဆံရေးရုံး တိုးချဲ့ဖွင့်ရန် မတောင်းပါနဲ့ဟု ပြောဆိုခဲ့ပြန်တယ်။ ဒီလိုပြောဆိုတာကို ကျနော်တို့ ဘက်ကတော့ နားမလည်နိုင်အောင်ဖြစ်ခဲ့ရပါတယ်။ ဒါပေမယ့် ကျနော်တို့ အနေနဲ့ အပစ်ခတ်ရပ်ဆိုင်းရေး မပျက်အောင်ထိန်းသိမ်းခဲ့ပါတယ်။

**Q: ဆွေးနွေးမှုတွေ နှောင့်နှေးနေရတာဟာ ဘာကြောင့်ထင်ပါသလဲ။**

A: အစိုးရအနေနဲ့ ခွဲခြားဆက်ဆံနေလို့ ပဲ ဖြစ်ပါတယ်။ ရခိုင်လူမျိုးတွေကို နှိမ်ချင်တာ လဲ ဖြစ်နိုင်ပါတယ်။

**Q: ALP ရဲ့ အနာဂတ် နိုင်ငံရေးရည်မှန်းချက် ကို ရခိုင်ပြည်သူလူထု ပိုမိုသိရှိအောင်ရှင်းပြ ပေးစေချင်ပါတယ်။**

A: ရခိုင်ပြည်နယ် အတွင်းမှာမှီတင်းနေထိုင်နေကြတဲ့ ရခိုင်လူမျိုးအပါအဝင် ရခိုင်တိုင်းရင်းသား ပြည်သူလူထုတစ်ရပ်လုံးရဲ့ ဆန္ဒနဲ့ ဘဝကို အကောင်အထည်ဖော် ဆောင်ရွက်ဖို့ အတွက်ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP) ကို ၁၉၆၇ ခု၊ ဧပြီလ ၉ရက်နေ့ မှာ စဖွဲ့ပြီး၊ ဂုခိုင်ပြည်လွတ်မြောက်ရေးတပ်မတော်(ALA) ကို ၁၉၇၄ခု၊ ဇွန်လ ၁ ရက်နေ့ မှာ ထူထောင်ပြီးတော့ တော်လှန်တိုက်ပွဲဝင်လာတာဖြစ်ပါတယ်။ ကျနော်တို့ ကြံ့ကြံ့ခံပြီးတောက်လျှောက်တိုက်ပွဲဝင်လာတာဟာ ကျနော်တို့ ရခိုင်ပြည်သူတွေခံစားနေရတဲ့ ဝေဒနာတွေကို ကုစားဖို့ပဲဖြစ်ပါတယ်။ ဂုခိုင်ပြည်သူတွေမှာ ဆုံးရှုံးသွားတဲ့အခွင့်အရေးတွေအတွက်ပဲ  ဖြစ်ပါတယ်။ ရခိုင်ပြည်သူလူထုရဲ့ ဘဝတွေဟာ ကျနော်တို့ ဘဝတွေပဲဖြစ်ပါတယ်။ ကျနော်တို့ လူမျိုးတွေ အခြားတိုင်းပြည်ကလူတွေလို လူ့အခွင့်အရေး အပြည့်အဝရရှိဖို့ ဟာ ကျနော်တို့ရဲ့ ရည်မှန်းချက်ပဲ ဖြစ်ပါတယ်။

**Q: ALP ရဲ့ ရခိုင်ပြည်တွင်း လက်ရှိလုပ်ဆောင်နေမှု အတိုင်းအတာကို သိပါရစေ။**

A: အစိုးရနဲ့ သဘောတူညီချက်ထဲမှာ (ALP) ဆက်ဆံရေး ရုံးတွေကို ပလက်ဝ နဲ့ ကျောက်တော်မှာဖွင့်မယ်။ အစိုးရနဲ့ ဆွေးနွေးပြီးတော့ သဘောတူရင် စစ်တွေမှာဖွင့်မယ်။ မော်တောဘက်မှာစီးပွားရေးရုံးဖွင့်မယ်၊ မြဝတီမှာလည်း စီးပွားရေးရုံးဖွင့်မယ်ဆိုတာ ရှိခဲ့ပါတယ်။ ဒါပေမယ့်လို့ ၂၀၁၂ မှာ ကျောက်တော် ဆက်ဆံရေး ရုံးတစ်ရုံးကိုပဲ ဖွင့်ဖြစ်ခဲ့ပါသေးတယ်။ ကျန်တဲ့ ရုံးတွေကို အစိုးရက ကုလား-ရခိုင်ပဋိပက္ခ ဖြစ်တာကို လက်ညှိုးထိုးပြပြီးတော့ ရပ်ထားတာရှိပါတယ်။ ကျနော်တို့ လုပ်ချင်တာတွေကို ရပ်တန့်ထားရတဲ့ သဘောပါပဲ။ ကျောက်တော်မြို့နယ်ဘက်မှာတော့ နိုင်သလောက်ကူညီပေးတဲ့စီမံကိန်းတချို့ ကို အစိုးရရဲ့သဘောတူညီချက်နဲ့ လုပ်နေတာတွေ ရှိပါတယ်။ ကျနော်တို့ ရခိုင်ပြည်နဲ့ ရခိုင်လူမျိုးတွေက ဘက်ပေါင်းစုံမှာ ချွတ်ခြုံကျသွားတော့ လုပ်စရာတွေ က အများကြီးရှိနေပါတယ်။ ဒုတိယအဆင်းရဲဆုံး ဒုတိယအနိမ့်ကျဆုံး ပြည်နယ်ဖြစ်သွားတော့အဓိကပညာရေးပိုင်းတွေမှာ ဖွံ့ဖြိုးရေးအပိုင်းတွေမှာ လုပ်စရာတွေက တောင်လိုပုံနေပါတယ်။ ဒီလုပ်ငန်းတွေကို အစိုးရနဲ့ ပြည်ထောင်စုအဆင့်ကို ဆွေးနွေးပြီးမှ ကျနော်တို့လုပ်ပေးနိုင်မှာဖြစ်ပါတယ်။ ကျနော်တို့ ယုံကြည်နေပါတယ်။ အစိုးရနဲ့ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းတွေ တစ်နိုင်ငံလုံးအပစ်ရပ်စဲရေး သဘောတူစာချုပ်ကို လက်မှတ်ထိုးပြီးတဲ့ အချိန်ကျရင် လုပ်ပေးခွင့် ရလာမှာဖြစ်ပါတယ်။ ခုချိန်မှာ စိတ်ထဲရှိသလောက်မလုပ်ပေးနိုင်တာကတော့ ရင်နာစရာပါပဲ။ ကျနော်တို့ ခံစားနေရတာက ပြည်သူတွေနဲ့ တစ်ထပ်တည်းပဲဖြစ်ပါတယ်။

**Q: ရခိုင်ပြည်လုံခြုံရေး မှာ ALA ရဲ့ အခန်းကဏ္ဍကိုလည်းသိချင်ပါတယ်**

A: ရခိုင်ပြည်နဲ့ ရခိုင်လူမျိုးတွေအတွက် ရခိုင်ပြည်လွတ်မြောက်ရေးတပ်မတော်ကို ၁၉၇၄ ခုနှစ်မှာ စဖွဲ့ခဲ့တာ ဖြစ်ပါတယ်။ ၂၀၁၂ခုနှစ် မှာ ကုလား-ရခိုင် ပဋိပက္ခ ဖြစ်တဲ့အခါမှာ ကိုယ့်မြေမှာနေလို့ ကိုယ့်ရခိုင်လူမျိုးတွေ သေကြေခံစားရ တာ အခက်ခဲဆုံးပါပဲ။ ဒါကြောင့်ကျနော်တို့ က အစိုးရကို အကြိမ်ကြိမ် ပြောခဲ့ပါတယ်။ ခင်ဗျားတို့ အစိုးရတပ်တွေက ရခိုင်ပြည်သူတွေကို အပြည့်အဝအကာအကွယ်မပေးနိုင်ဘူးဆိုရင် ကျနော်တို့ က ခင်ဗျားတို့နဲ့ ဒီအခန်းကဏ္ဍမှာပူးတွဲ တာဝန်ယူပါရစေလို့ အကြိမ်ကြိမ်ပြောခဲ့ဖူးပါတယ်။ ဒါပေမယ့်လို့ ဒီနေ့ထိ ဘာတုန့်ပြန်ချက်မှ မရခဲ့ပါဘူး။ ALA ဟာပြည်သူတွေရဲ့အသက်အိုးအိမ် တွေကို ကာကွယ်ဖို့နဲ့ ပြည်သူတွေရဲ့ ဘဝတွေလုံခြုံဖို့ အတွက် ၂၄ နာရီအဆင်သင့်ရှိပါတယ်။

**Q: နောက်ပိုင်းကာလတွေမှာ ဖက်ဒရယ်ပြည်ထောင်စုနဲ့ လိုက်လျောညီထွေဖြစ်မယ့် ပြည်ထောင်စု တပ်မတော်ကို ရည်မျှော်ပြီး ခိုင်မာတဲ့ ရခိုင်တပ်မတော်တစ်ခုတည်းပေါ်ထွက်လာရေး အသံတွေကြား နေရပါတယ်။ ဒီအပေါ်မှာရော ALP အနေနဲ့ ဘယ်လိုတုန့်ပြန်လိုပါသလဲ။**

A: ဟုတ်ကဲ့ မကြာတဲ့ အချိန်တစ်ခုမှာတစ်မျိုးသားလုံးကို ကိုယ်စားပြုတဲ့ ရခိုင်တပ်မတော်တစ်ခု ဖြစ်ကိုဖြစ်လာ ရပါမယ်။ ဖြစ်သင့်ဖြစ်ထိုက်တဲ့အလုပ်တွေကိုတော့ အမျိုးသားတွေအတွက် မလွဲမသွေ လုပ်ဖြစ်အောင် လုပ်သွားရမှာဖြစ်ပါတယ်။

**Q: မကြာခင်က ပြုလုပ်ခဲ့တဲ့ ချင်းမိုင်တွေ့ဆုံပွဲကနေ ရခိုင်ပြည်တွင်းမှာရခိုင်အမျိုးသားညီလာခံတစ်ရပ် လည်း ကျင်းပမယ်လို့ သိရပါတယ်။ဒါနဲ့ ပတ်သက်ပြီး ALP အနေနဲ့ ရခိုင်အမျိုးသားရေးအတွက် ဘယ်လောက်ထိ မျှော်မှန်းထားပါသလဲ။**

A: ဟုတ်ပါတယ်။ ၂၀၁၃ နိုဝင်ဘာက ALP ကိုယ်စား လှယ်အဖွဲ့ဝင် တွေဟာ အစိုးရကိုယ်စားလှယ်အဖွဲ့ဝင် ဝန်ကြီး ဦးအောင်မင်းတို့နဲ့ ရန်ကုန်မှာ တွေ့တဲ့အခါလဲ ရခိုင်အမျိုးသားညီလာခံကိစ္စကို ဆွေးနွေးဖြစ်ခဲ့ပါတယ်။ သူကလည်း သဘောတူပါတယ်။ ဒီနောက်ပိုင်းမှာ ချင်းမိုင်အစည်း အဝေးက ရခိုင်အမျိုးသားညီလာခံကို ကျောက်ဖြူ သို့မဟုတ် တောင်ကုတ်မှာလာမည့် ဧပြီလအတွင်းပြုလုပ်ဖို့ ဆုံးဖြတ်ချက်ကျခဲ့ပါတယ်။ ဒီညီလာခံကို ပြည်တွင်းပြည်ပက ပါတီအဖွဲ့အစည်းတွေ၊ ပညာရှင်တွေ၊ လူထုအခြေပြု အဖွဲ့အစည်းတွေပါတက်ရောက်ကြမှာဖြစ်ပါတယ်။ အဲဒီမှာရခိုင်ပြည်သူလူထု တစ်ရပ်လုံးအတွက်အင်မတန်မှ အရေးပါလှတဲ့အခန်းကဏ္ဍတွေကို ဆွေးနွေးဆုံးဖြတ်ကြမှာဖြစ်ပါတယ်။ တကယ့်အရေးကြီးတဲ့ရခိုင်ပြည်သူလူထု တစ်ရပ်လုံးရဲ့အနာဂတ်နိုင်ငံရေးရည်မှန်းချက်၊ အသက်အိုးအိမ် လုံခြုံမှုနဲ့ ပညာရေး၊ ကျမ်းမာရေး၊ဖွံ့ဖြိုးရေးအပိုင်းတွေကို ဆွေးနွေးကြမှာဖြစ်ပါတယ်။

**Q: တစ်ချို့က ALP ဟာ ပါတီအနေနဲ့ဖြစ်စေ၊ တစ်ဦးချင်းအနေနဲ့ ဖြစ်စေလာမည့် ၂၀၁၅ ရွေးကောက်ပွဲမှာ ဝင်လာမယ်လို့ ပြည်သူတွေကြားမှာပြောဆိုနေတာတွေ လည်း ကြားနေရတယ်။ ဒီအပေါ်မှာ ဥက္ကဌ ကြီးတို့ အနေနဲ့ ဘယ်လိုပြန်ကြားချင်ပါသလဲ။**

A: ကျနော်တို့ဟာ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းနဲ့ ဖြေရှင်းဖို့ ရအောင်အစိုးရနဲ့ နိုင်ငံရေး စကားဝိုင်းမှာ နိုင်ငံရေးတွေ့ဆုံ ဆွေးနွေးဖို့အတွက် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် ကို အစိုးရနဲ့ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းတွေ လက်မှတ်ရေးထိုးပြီးတဲ့နောက်ပိုင်းမှာ တစ်နိုင်ငံလုံး နိုင်ငံရေးဆွေးနွေးပွဲကြီးဆိုတာ ရှိလာမှာဖြစ်ပါတယ်။ ဒါကြောင့် ALP အနေနဲ့ ဖြစ်စေ၊ တစ်ဦးချင်း အနေနဲ့ဖြစ်စေ လာမည့် ၂၀၁၅ ရွေးကောက်ပွဲမှာ ပါဝင်ဖို့ အစီအစဉ်လုံးဝမရှိပါဘူး။

**Q: ဥက္ကဌကြီး အနေနဲ့ ရခိုင်ပြည်ကနိုင်ငံရေး၊လူမှုရေး ခေါင်းဆောင်တွေကိုဘာများပြောချင်ပါလဲ။**

A: ကျနော် ပြောချင်တာကတော့ အခက်အခဲ အကျပ်အတည်း ပေါင်းမြောက်များစွာကြားထဲကနေ အန္တရာယ်တွေကြားထဲကနေ ကိုယ့်လူမျိုးတွေ အတွက်ကြိုးစားလုပ်ကိုင်ကြတဲ့ နိုင်ငံရေးခေါင်းဆောင်တွေ ဘာသာရေးခေါင်းဆောင်တွေ လူမှုရေးခေါင်းဆောင်တွေကို ကျနော့်အနေနဲ့ (ALP) ကိုယ်စား လှိုက်လှိုက်လှဲလှဲကျေးဇူးတင်ပါတယ်။ ဂုဏ်လဲပြုပါတယ်။ မှတ်တမ်းလည်းတင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီခေါင်းဆောင်တွေဟာ ဒီနေ့ချိန်ခါကျနော်တို့ မလုပ်နိုင်တဲ့အလုပ်တွေကို ပြည်သူတွေကိုယ်စား ကြိုးပမ်းနေကြလို့ပဲဖြစ်ပါတယ်။ အားလုံးကိုအထူးကျေးဇူးတင်ပါတယ်။

**Q: ရခိုင်ပြည်သူလူထုကို နောက်ထပ်ပြောကြားချင်တာတွေရှိရင်ဥက္ကဌကြီးအနေနဲ့ ပြောပေးစေချင်ပါတယ်။**

A: ရခိုင်ပြည်သူတစ်ရပ်လုံးကို အသိပေးချင်တာက ကျနော်တို့  ALP ဟာ ရခိုင်ပြည်သူတစ်ရပ်လုံးအတွက် ဖြစ်ပါတယ်။ ဒီကနေ့ ကျနော်တို့ဟာ တစ်ကွဲတစ်ပြားစီဖြစ်နေတဲ့ အမျိုးသားစည်းလုံးညီညွတ်ရေးကို

ပြန်လည်တည်ဆောက်ကြရမှာဖြစ်ပါတယ်။ ဖြစ်အောင်ကို လုပ်ကြရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့ ရခိုင်ပြည်သူတစ်ရပ်လုံးကလဲ ဥမကွဲသိုက်မပျက်ပဲ စည်းစည်းလုံးလုံးရှိကြဖို့အလွန်အရေးကြီးပါတယ်။ ဒါမှလဲ ကျနော်တို့ရခိုင်ပြည်နဲ့ ရခိုင်လူမျိုးတွေဟာ ကိုယ်လိုချင်တဲ့အခွင့်အရေးတွေကို မလွဲမသွေရရှိလာကြမှာ ဖြစ်ပါတယ်။ ရခိုင်ပြည်သူတစ်ရပ်လုံး ကျမ်းမာကြပါစေ။

By Maung Hlaing (lamu)

(The Voice of Arakan) Vol-1,No-5/ February 5, 2014

09- 425023189 / 09- 421713492